MCIA YANGON REGION | MYANMAR COMPUTER INDUSTRY ASSOCIATION

e-Newsletter

Yangon Region Computer Industry Association Issue:003/2019

*This article is written by "Christina Boesenberg" in "Leadership Thoughts" Section of "OXFORD LEADERSHIP Website" at January 19, 2017.*

# 7 Characteristics of Leadership 4.0 – What successful leaders do differently

Digital technologies have disrupted everything, not only within IT, but also leadership styles and how we manage our organisations. Leaders at every tech company are not digital leaders, but it is undisputed that Elon Musk and Mark Zuckerberg are two of the best examples today. What do they have that the majority of German managers do not?

First and foremost, there is a difference in management style. Both men have the gift to inspire their employees to innovate and "hold" onto these ideas. Their acumen in applying benchmarks of digital leadership shows a fast, cross-hierarchical, cooperative, and team-oriented approach often integrating the innovation peak ideals of Silicon Valley. Above all, the personal competence, the mindset, and the application of new methods (or instruments such as "design thinking") are crucial. There are several traits that are exhibited, ones that we also use to differentiate Leadership 4.0.

## *Seven things successful leaders in the digital do differently*

- ***Responsibility***

Traditional managers clearly define responsibilities and roles; team-oriented or cross-functional tasks beyond the manager's outlined hierarchy immediately lead to conflicts.

Digital leaders learn how to distribute tasks according to the situation and team competence, where the abilities of managers together with employees are continually linked; success means all participants contribute their competence networking intelligence.

- ***Results***

Traditional managers control orders, plan resources, and evaluate results (and as a rule, their own comfort zone will define the borders of a project).

Digital leaders control voting processes and discourse, evaluate tasks and results together with team members, and use resources according to potential and competence (cross-functional and cross-hierarchical); practical results are generated by integrating constant feedback between internal and external stakeholders.

- ***Distribution of Information***

Traditional leaders typically distribute information under an obligation to provide data in a "strategic" and piecemeal manner (embodiment of the "knowledge is power" syndrome). Freedom of information (or choice) leads to control mania.

Digital leaders create a transparent framework, counts on a "collectable debt"of self-responsibility and proactive behaviours.

- ***Objectives and Assessments***

Assessing the performance of employees individually in fixed cycles is within the comfort zone of a traditional manager. Situations determine the need for assessing employees and teams equally by a digital leader, with exchange/ feedback continually occurring.

- ***Mistakes and Conflicts***

Rules with consequences for violations avoid mistakes are the hopeful path the traditional manager takes before conflicts occur. An open atmosphere with the learning effect in errors is endorsed by digital leaders, who places the company's own responsibility for solutions in the foreground

- ***Change***

Maintaining budgets, stable quality, and minimised risks are a priority for Traditional managers, leaving little room for creativity. The energy of a digital leader sustains the high-level willingness and ability for change within the company while deliberately promoting as well as encouraging high agility between the market, customers, and employees.

- ***Innovation***

Creating new ideas for new products is typically extremely challenging for a traditional leader, as it does not fit the normal cycles or processes. The future is invented and designed; a digital leader knows innovations are based on a team's focus on a common goal to make the best possible use of the abilities of each individual (Right Potential). Innovation is learnable; this is helped by transforming old structures through the use of multidisciplinary teams, flexible working environments, and creative processes.

## *It is all about the mindset and how we look at the world*

It is more difficult to sustainably change yourself from within than learn new skills because modifications mean new thought patterns are adopted, developed as habits, and energise future actions. Sounds easy, but is not. Even using Apple shows the complexity of a digital leader's success. A user of the online community platform Reddit asked what the CEO of Apple was doing right. Steve Wozniak answered, "Tim Cook acknowledges his employees and the customers of Apple as real people." For Oxford Leadership, this means weQ (weQuality).

Agility is the key principle of digital leadership, relating to customer orientation and responding directly to the needs as well as desires of a target group. At the same time, Leadership 4.0 is about the involvement of employees, their individual abilities (Right Potential instead of High Potential ©), motivations, and ideas. An open, transparent, and innovative culture is the basis for high agility, rapid market adaptation, and the DNA within the digital leader.

For organisations to react more efficient to market changes, digital leaders must give much more responsibility to their teams. They allow employees a lot of freedom (and trust) in their own decisions. The co-creative fast community culture of the weQ requires a high learning flexibility of each individual as essential.

The future cannot be dictated from the outside: it is invented and designed from within.

Author

Christina Boesenberg

Fellow

Germany

***Short Profile of Christina Boesenberg***

***Christina is a Fellow of Oxford Leadership.***



*Christina is a highly experienced and renowned international organisation consultant, executive coach, leadership development facilitator, and writer. She has spent several years working on post-merger integrations at Siemens where she developed her core expertise within M&A and have since been working on several large Global Culture Integration and M&A projects for clients such as DP/DHL, BASF, and Fujitsu.*

## Member Benefit Program

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ "Member Benefit Program" တစ်ခုအဖြစ် ibis Styles Yangon Stadium နှင့် ပူးပေါင်း၍ $11^{th}$ July 2019 မှ $31^{st}$ December 2019 အတွင်း MCIA Update Member Card ဖြင့် ibis Styles Yangon Stadium တွင် လာရောက် တည်းခိုအသုံးပြုသော မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ အသင်းဝင်များအားလုံး Any Rooms Booking အတွက် 15% Discount နှင့် Food & Beverage အတွက် 15% Discount ရရှိမည့် Agreement Contract အား ဇူလိုင်လ (၁၁) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးမိုးမင်းဦး နှင့် ibis Styles Yangon Stadium မှ General Manager Mr. Sven TOUNE တို့မှ အတူတကွ လက်မှတ်ရေးထိုးခဲ့ကြပါသည်။



## "ITIL Foundation Course" (2/2019 )



ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှကြီးမှူးဖွင့်လှစ်၍ ဆရာဦးမင်းမြတ်နိုးနိုး (ITIL V.3 Certified) မှ သင်ကြားပေးသည့် "ITIL Foundation Course" (2/2019) သင်တန်းအား ဇူလိုင်လ (၁၃, ၁၄, ၂၀, ၂၁) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး၌ ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။ ၎င်းသင်တန်းသို့ သင်တန်းသား/ သူ စုစုပေါင်း (၂၆)ဦး တက်ရောက်ခဲ့ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသော သင်တန်းသား/သူ (၂၁)ဦး တို့ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။



## "Yangon ICT Fair (Sept- 2019)" ပြပွဲနှင့် ပတ်သက်၍ Exhibitor များနှင့်တွေ့ဆုံရှင်းလင်းပွဲ

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှ ကြီးမှူးပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၆) ရက်နေ့မှ (၈) ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော် ခန်းမတွင် ကျင်းပပြုလုပ်မည့် "Yangon ICT Fair (Sept-2019)" ပြပွဲနှင့် ပတ်သက်၍ Exhibitor များအား တွေ့ဆုံ ရှင်းလင်းပွဲကို ၂၀၁၉ခုနှစ် ဇူလိုင်လ (၁၈) ရက်နေ့ နံနက် (၁၀:၀၀) နာရီ၌ MICT Park, Main Building, Room (203) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။







## "Practicing IT Project Management" (Practicing ITPM) Course

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ စီစဉ်ဖွင့်လှစ်ပြီး ဆရာမဒေါ်ခင်မြင့်မြို့ CITPM(Senior) သင်ကြားပေးသည့် "Practicing IT Project Management" (Practicing ITPM) Course (1/2019) သင်တန်းအား ဇူလိုင်လ (၂၇ ၊ ၂၈) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၌ ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။ ဤသင်တန်းသို့ သင်တန်းသား/သူ စုစုပေါင်း (၂၅)ဦး တက်ရောက်ခဲ့ပြီး သတ်မှတ် အရည်အချင်းပြည့်မီသော သင်တန်းသား/သူ (၂၂)ဦး တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ် ခဲ့ပါသည်။







## *"Yangon ICT Fair (Sept – 2019)"*
## *Booth နေရာများမဲနှိုက်ရောင်းချခြင်းအခမ်းအနား*

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများမှ စီစဉ်ကျင်းပသော Yangon ICT Fair (Sept – 2019) ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီများအား Booth နေရာများ မဲနှိုက်ရောင်းချခြင်း အခမ်းအနားကို ဩဂုတ်လ (၂)ရက်နေ့ တွင် MICT Park ၊ Main Buliding ၊Room (205)၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။







## *"ICT Talk အခမ်းအနား စာနယ်ဇင်း ရှင်းလင်းပွဲ"*





ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပမည်ဖြစ်သော "ADVANCE YOUR BUSINESS WITH DIGITAL TRANSFORMATION" ICT Talk အခမ်းအနားအတွက် "စာနယ်ဇင်း ရှင်းလင်းပွဲ"အား ဇူလိုင်လ (၂၉)ရက်နေ့၊ နံနက် (၁၀:၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးမိုးမင်းဦးမှ အဖွင့်အမှာစကား နှင့်အတူ အသင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်မှု များကို ရှင်းလင်းပြောကြားခြင်း၊ Public Relations Committee ဥက္ကဋ္ဌ ဦးမင်းကိုကို မှ ICT Talk ကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခြင်း၊ ICT Talk အခမ်းအနားတွင် Moderator အဖြစ် ဦးဆောင်ဆွေးနွေးပေးမည့် Member Development Commiitte ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင် မှ ဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ တက်ရောက် လာသော Media များမှ သိရှိလိုသည်များအား မေးမြန်းခြင်း နှင့် အလုပ်အမှုဆောင်များမှ ပြန်လည်ဖြေကြားခြင်း ၊ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း တွဲဖက်အတွင်းရေးမှူး(၃) ဦးမိုးထွန်း မှ ကျေးဇူးတင်စကား ပြောကြားခြင်းဖြင့် အခမ်းအနားကို အောင်မြင်စွာအဆုံးသတ်ခဲ့ပါသည်။





## “Advance Your Business with Digital Transformation” ICT Talk အခမ်းအနား

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း မှ ကြီးမှူးကျင်းပသော “Advance Your Business With Digital Transformation” ICT Talk အခမ်းအနားကို ၂၀၁၉ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်နေ့၊ ညနေ (၃)နာရီမှ ညနေ (၅)နာရီအထိ MICT Park ရှိ Conference Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဆရာဦးမျိုးမင်းဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဆရာကြီးဦးသိန်းဦးမှ “Digital Transformation” အကြောင်း presentation နှင့်အတူ Keynote Speech ကို ပြောကြားပေးခဲ့ပါသည်။ ထို့နောက် Moderator ဖြစ်သော ဆရာဦးအောင်ဇေယျာလွင် ( Founder & CEO၊ InyaLand Co., Ltd)၊ Panelist များ ဖြစ်ကြသော ဒေါက်တာထွန်းသူရအောင် ( Founder & CEO၊ Myanmar Information Technology Pte Ltd)၊ ဦးသိန်းလွင် ( Founder & CEO၊ Value Growth Consulting Ltd)၊ ဦးနိုးကိုကို ( General Manager၊ Head of Agent Banking၊ (KBZ Pay) KBZ Bank)၊ ဒေါက်တာသက်သက်ခိုင် ( Managing Director၊ Shwe Nan Daw (Golden Palace) Gold & Jewellery) တို့မှ ICT Talk စကားဝိုင်းကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဧည့်သည်တော်များမှ မေးမြန်းသည်များကိုလည်း ပြန်လည်ဖြေကြားပေးခဲ့ကြပါသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ Public Relations Committee’s Chairman ဆရာဦးမင်းကိုကိုမှ ကျေးဇူးတင်စကားပြောကြားခြင်း၊ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ တွဲဖက်အတွင်းရေးမှူး(၃) ဆရာဦးစိုးထွဋ်မှ Speaker များကို အမှတ်တရလက်ဆောင်ပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဆရာဦးမျိုးမင်းဦးမှ Lucky Draw များအဖြစ် 20% Discount Coupon (3) စောင်၊ Inverter (1) လုံး၊ Bagan Sense Hotel တွင် နှစ်ယောက်ခန်းအတွက် နှစ်ည အခမဲ့တည်းခိုခွင့် လက်မှတ် (1)စောင်၊ QNE Software Copy (1) ခွေ တို့အား မဲနှိုက်ချီးမြှင့်ပေးခဲ့ပါသည်။ ထို့နောက် အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။ ဤအခမ်းအနားတွင် Gold Sponsor အဖြစ် KBZ Pay မှလည်းကောင်း၊ Siver Sponsor အဖြစ် Shwe Lamin Nagar Group of Companies နှင့် Innovix Solutions Co., Ltd မှလည်းကောင်း၊ Venue Sponsor အဖြစ် MICTDC မှလည်းကောင်း၊ Small Booth ပြခန်းများအဖြစ် T3K Technology Co., Ltd, QNE Software Myanmar, Myanmar ShweTech Co., Ltd, Bee Data Myanmar Co., Ltd, Myanmar Information Technology Pte Ltd, Ability Software Co., Ltd နှင့် Citicom တို့မှလည်းကောင်း ပါဝင်အားဖြည့်ပေးခဲ့ကြပါသည်။

## *"Strategic Management and Leadership Development" Course*

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးစီစဉ်၍ ဆရာမကြီး Prof. Dr. Daw Moe Moe Khaing ကိုယ်တိုင် ဦးစီးသင်ကြားသော မဟာဗျူဟာစီမံခန့်ခွဲမှု နှင့် ခေါင်းဆောင်မှု သင်တန်း "Essential Skills For Business Executive" ၏ Module (1) ဖြစ်သော "Strategic Management and Leadership Development" သင်တန်းအား ၂၀၁၉ခုနှစ် ဩဂုတ်လ (၂၄ ၊ ၂၅) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၌ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ဤသင်တန်းသို့ စုစုပေါင်း သင်တန်းသား/သူ (၂၄) ဦး တက်ရောက်ခဲ့ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသော သင်တန်းသား/သူ (၂၄) ဦး တို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပါသည်။






## *"Yangon ICT Fair (Sept – 2019)" & "ICT Challenge Yangon (2019)" ပြပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနား*

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း နှင့် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းတို့ ပူးပေါင်းကျင်းပမည့် "Yangon ICT Fair (Sept – 2019)" ပြပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ်လ (၂၈) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး၌ ကျင်းပခဲ့ပါသည်။ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ဥက္ကဋ္ဌ ဦးမျိုးမင်းဦးမှ ပြပွဲကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပြပွဲ အကြောင်းအရာများ၊ အသင်း၏ လက်ရှိလှုပ်ရှား ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ပြပွဲတွင် ပါဝင်ပြသမည့် Company များမှ ၎င်းတို့၏ ပြပွဲကာလအတွင်း ပြုလုပ်မည့် Promotion အစီအစဉ်များအား ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသော ဧည့်သည်တော်များနှင့် Media များမှ သိရှိလိုသည်များ မေးမြန်းခြင်းကို ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌဦးမျိုးမင်းဦးနှင့် အလုပ်အမှုဆောင်များဖြစ်ကြသော ဦးဇော်မင်းအောင် ၊ ဒေါ်ချောချောမြင့် တို့မှ ပြန်လည်ပြောကြားခြင်းတို့ဖြင့် အခမ်းအနားကို အောင်မြင်စွာ အဆုံးသတ်ခဲ့ပါသည်။



## *"Personal Development Training" Course*

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပ၍ ဆရာဦးဇေယျာကြီး @Jack Chen [B.Sc (Computing and Information Systems) , Specialist Diploma in IT Security , Specialist Diploma in Supply Chain Management] မှ ကိုယ်တိုင်သင်ကြားသော "Personal Development Training" သင်တန်းအား ၂၀၁၉ခုနှစ် ဩဂုတ်လ (၃၀)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း၌ ဖွင့်လှစ်ခဲ့ပါသည်။ ဤသင်တန်းသို့ သင်တန်းသား/သူ စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့ပြီး သတ်မှတ်ချက်ပြည့်မီသော သင်တန်းသား/သူ (၂၃)ဦး တို့ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။





## *Yangon ICT Fair (Sept-2019) ပြပွဲ*




ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း နှင့် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်းတို့မှ ပူးပေါင်းကျင်းပသည့် Yangon ICT Fair (Sept-2019) ပြပွဲကို ၂၀၁၉ခုနှစ် စက်တင်ဘာလ (၆၊ ၇၊ ၈) ရက်နေ့များတွင် တော်ဝင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤပြပွဲ၏ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ (၆) ရက်နေ့ နံနက် (၇း၃၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစော်အေးမောင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နာယက ဦးခွန်ဦး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်၊ ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးမိုးမင်းဦး နှင့် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်နိုင်မိုးတို့မှ အောင်မြင်စွာဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဤ Yangon ICT Fair (Sept-2019) ပြပွဲတွင် Gold Sponsor များအဖြစ် Citicom ၊ Clinet Focus Co.,Ltd. မှလည်းကောင်း Silver Sponsor များအဖြစ် KMD ၊ Global Technology Group တို့မှလည်းကောင်း SMS Blast Sponsor အဖြစ် Myanmar ShweTech မှလည်းကောင်း ပါဝင်ပံ့ပိုးပေးတော်မူပြီး Company စုစုပေါင်း (49) ခုမှ ပြခန်းစုစုပေါင်း (124) ခန်းကို ပါဝင်ပြသခဲ့ကြပါသည်။

## "ICT Challenge Yangon 2019" DOTA2 ပြိုင်ပွဲကြီး







ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာအသင်းများနှင့် GCN ( Game Cast Network) မှ ကြီးမှူးကျင်းပသော "ICT Challenge Yangon 2019" DOTA2 ပြိုင်ပွဲကြီးကို စက်တင်ဘာလ (၆၊ ၇၊ ၈) ရက်နေ့များတွင် တပ်မတော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ၎င်းပြိုင်ပွဲအတွင်း "1 vs 1 Competition" နှင့် "Team vs Team Competition" များကို ထည့်သွင်းယှဉ်ပြိုင်စေခဲ့ပြီး "Team vs Team Competition" တွင် "Champion" အဖြစ် "Yangon Galaticos" မှ ဆုကြေးငွေ (၁၅)သိန်းကျပ်နှင့် DELL "G7 7590" Laptop ကိုလည်းကောင်း၊ "1st Runner Up" အဖြစ် "Outworld" မှ ဆုကြေးငွေ (၇)သိန်းကျပ်ကို လည်းကောင်း၊ "2nd Runner Up" အဖြစ် "Team Cyanide" မှ ဆုကြေးငွေ (၃)သိန်းကျပ် ကိုလည်းကောင်း၊ "3rd Runner Up" အဖြစ် "King Panda Gaming"မှ ဆုကြေးငွေ (၁)သိန်းကျပ်ကိုလည်းကောင်း၊ "1 vs 1 Competition" တွင် "Champion" အဖြစ် "MoMo" မှ 5BB Broadband Internet Package 15MB (1 Year) ကိုလည်းကောင်း၊ "1st Runner Up" အဖြစ် "WatG" မှ ဆုကြေးငွေ (၁)သိန်းကျပ်ကိုလည်းကောင်း အသီးသီး ရရှိခဲ့ကြပါသည်။ ပြိုင်ပွဲများအပြင် Lucky Circle Wheel အစီအစဉ်များ၊ Lucky Draw အစီအစဉ်များ၊ ကိုတူး@ကိုအောင်ရဲဖမ်း နှင့် "1 vs 1 Challenge" ကစသော အမှတ်တရ လက်ဆောင်များ ရယူနိုင် အစီအစဉ်များဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည် ။ ၎င်း "ICT Challenge Yangon 2019" ပြိုင်ပွဲကို Sponsor များအဖြစ် Lenovo, Dell နှင့် Asus တို့မှလည်းကောင်း၊ Accessories Sponsor များအဖြစ် Hp နှင့် Steelseries တို့မှလည်းကောင်း၊ Internet Partner အဖြစ် 5BB မှလည်းကောင်း ပါဝင်ပံ့ပိုးပေးခဲ့ကြပါသည်။

## "Job of the Manager (JOMAN)" Course









ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပ၍ ဆရာဦးမင်းမြတ်နိုးနိုး (JOMAN Certified) မှ သင်ကြားပေးခဲ့သော "Job of the Manager (JOMAN)" Course (1/2019) သင်တန်းအား ၂၀၁၉ခုနှစ် စက်တင်ဘာလ (၁၄၊ ၁၅) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း ရုံးခန်း၌ ဖွင့်လှစ် သင်ကြားပေးခဲ့ပါသည်။ ၎င်းသင်တန်းသို့ သင်တန်းသား/သူ စုစုပေါင်း (၁၇)ဦး တက်ရောက်ခဲ့ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသော သင်တန်းသား/သူ (၁၈)ဦးတို့ကို သင်တန်းဆင်းလက်မှတ်များ ပေးအပ် ခဲ့ပါသည်။



## *"Understanding and Winning Customers for Business Success" Course*

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း၏ ကြီးမှူးဖွင့်လှစ်၍ ဆရာမကြီး Prof. Dr. Moe Moe Khaing ကိုယ်တိုင် ဦးစီးသင်ကြားသော မဟာဗျူဟာစီမံခန့်ခွဲမှု နှင့် ခေါင်းဆောင်မှုသင်တန်း "Essential Skills For Business Executive" ၏ Module (2) ဖြစ်သော "Understanding and Winning Customers for Business Success" သင်တန်းကို စက်တင်ဘာလ (၂၈၊၂၉) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင် အသင်းရုံးခန်း၌ ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ဤသင်တန်းသို့ သင်တန်းသား/သူ စုစုပေါင်း(၁၉)ဦး တက်ရောက်ခဲ့ပြီး သတ်မှတ် အရည်အချင်းပြည့်မီသော သင်တန်းသား/သူ (၁၈)ဦး တို့ကို သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ပါသည်။









# UPCOMING EVENTS

**October 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အသင်းဝင်များအချင်းချင်း ပိုမိုခင်မင်ရင်းနှီးမှုရှိစေရန် ရည်ရွယ်၍ MCIA-YGN "Member Day" Activity တစ်ခုအဖြစ် အောက်တိုဘာလ (၅) ရက်နေ့တွင် Yangon Water Bus ဖြင့် တွံတေးမြို့သို့ သွားရောက်လည်ပတ်ပြီး တွံတေးမြို့ရှိ မိတ်ဆွေကျောင်းတွင် အသင်းဝင်များအားလုံးစုပေါင်းလှူဒါန်းကြမည်ဖြစ်ပါသည်၊

**November 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးဖွင့်လှစ်၍ ဆရာမကြီး **PROF. DR. DAW MOE MOE KHAING [Ph.D, M.Com, B.Com (Hons)** ကိုယ်တိုင်ပို့ချသင်ကြားသော မဟာဗျူဟာစီမံခန့်ခွဲမှု နှင့် ခေါင်းဆောင်မှုသင်တန်း "Essential Skills For Business Executive" ၏ Module (3) ဖြစ်သော "Soft Skills Development for Manager & Leader" သင်တန်းကို နိုဝင်ဘာလ (၂ ၃) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်းတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

**November 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးဖွင့်လှစ်၍ ဆရာမဒေါ်ခင်မြင့်ချို [CITPM (Senior)] ကိုယ်တိုင်သင်ကြားပေးမည့် " IT System Solution Architecture (ITSA) '' Essentials of IT System Solutioning (design) Reference Framework) သင်တန်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၁၆ ၊ ၁၇) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး၌ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ပါသည်။

**November 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးဖွင့်လှစ်၍ ဆရာမကြီး **PROF. DR. DAW MOE MOE KHAING [Ph.D, M.Com, B.Com (Hons)]** ကိုယ်တိုင်ပို့ချသင်ကြားသော မဟာဗျူဟာစီမံခန့်ခွဲမှု နှင့် ခေါင်းဆောင်မှုသင်တန်း "Essential Skills for Business Executive" ၏ Module (4) ဖြစ်သော "Financial Literacy" သင်တန်းအား ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (၂၃၊ ၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်းတွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည်။

**December 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ ကြီးမှူးကျင်းပမည့် "ICT Talk Panel Discussion" ဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာဘာလ (၇) ရက်နေ့တွင် MICT Park Conference Hall ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

**December 2019**

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်း မှ ကြီးမှူးဖွင့်လှစ်၍ ဆရာဦးမင်းမြတ်နိုးနိုး (ITIL .V4. Certified) ကိုယ်တိုင် သင်ကြားပေးမည့် "ITIL V4 Foundation Course"သင်တန်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ (၁၄ ၁၅ ၂၁ ၂၂) ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံး၌ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပါသည်။